# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ၂၄ ရက်မြောက်နေ့အစီအစဉ်

# [ ၈–၃–၂၀၁၃ ] (သောကြာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ် (ကိုယ်စား) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတွင် ငါးတက္ကသိုလ် Fisheries University ဖွင့်လှစ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်၏ **လွှတ်တော် ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အား MRTV-4 ကဲ့သို့ Free Channel အစမဲ့ ရုပ်သံလိုင်း တစ်လိုင်းအဖြစ် သီးသန့်အစီအစဉ်ဖြင့် ပြည်သူတို့အား ထုတ်လွှင့်ပြသရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဒေါက်တာစိုးမိုးအောင်၊ ဘီးလင်း မဲဆန္ဒနယ်၏ **မော်ကွန်းရုပ်ရှင်မှ နိုင်ငံ၏ နေရာအနှံ့သို့ သတင်းစဉ်များကို လှည့်လည်ပြသသည့် လုပ်ငန်း ပြန်လည်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးကျော်မြင့်၊ မြန်အောင် မဲဆန္ဒနယ်၏ **စိုက်ပျိုးရေးလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းပြုလိုသော လယ်မဲ့ယာမဲ့များကို နိုင်ငံတော်မှ နေရာချထားလုပ်ကိုင်ခွင့်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( င ) ဦးဝင်းကို၊ ဆီဆိုင် မဲဆန္ဒနယ်(ကိုယ်စား) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ အစားထိုးစိုက်ပျိုးရေး နှင့် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

( စ ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **နိုင်ငံတော်အတွင်း အလုပ်လက်မဲ့ဖြစ်နေသော ဘွဲ့ရလူငယ်များ အလုပ်အကိုင် ရရှိရေး အတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးမည့် အစီအစဉ်များ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **“ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“ အမျိုးသား အစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၇။ ဦးကျော်နိုင်ဌေး၊ အင်းတော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က **“ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ ၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း နှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၈။ **“ မတရားအသင်းများ အက်ဥပဒေ (၁၉၀၈ ခုနှစ်၊ အိန္ဒိယ အက်ဥပဒေ ၁၄) ကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၉။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၀။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **“ နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ၂၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၅ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။